# ပြည်သူလူထု အင်္ဂါကြီးငါးရပ်နှင့် မှတ်သားဖွယ်ရာ မှတ်စုပဒေသာ

မျိုးအံ့

စုစည်းသည်။



# ပြည်သူလူထုရဲ့အင်္ဂါကြီးငါးရပ်

(က) ပြည်သူလူထုမရှိရင် တိုင်းပြည် မဖြစ်နိုင်ပါ။

(ခ) အာဏာပိုင်တွေ လက်ကိုင်ထားကြတဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုလုပ်ရေးအာဏာဆိုတဲ့ အချုပ်အခြာအာဏာကြီး ၃ ရပ်ဟာ မိုးပေါ်က ကျလာတာလည်း မဟုတ်ပါဘူး။ မြေကြီးထဲက ပေါက်ပြီးထွက်လာတာလည်း မဟုတ်ပါဘူး။ ပြည်သူလူထုကြီးတစ်ရပ်လုံးက ပေးအပ်ထားတဲ့ အာဏာဖြစ်ပါတယ်။

(ဂ) နိုင်ငံတော်သမ္မတကအစ အောက်ဆုံးပိတ် အမှုထမ်းတွေအထိ ရနေကြတဲ့ လစာငွေတွေ၊ ထောက်ပံ့ကြေးငွေတွေဟာ ပြည်သူလူထုကြီးက အခွန်တော်ငွေအဖြစ်နဲ့ ပေးထားတဲ့ အစိုးရဘဏ္ဍာငွေထဲက ထုတ်ပေးရတဲ့ငွေဖြစ်ပါတယ်။

(ဃ) အာဏာပိုင်တွေ စားသုံးနေကြတဲ့ ဆန်ရေစပါးတွေဆိုတာ ပြည်သူလူထုကြီးတစ်ရပ်လုံးက နဖူးကချွေး ခြေမကျခံပြီး စိုက်ပျိုးလုပ်ကိုင်ပေးခဲ့ရတဲ့ ဆန်ရေစပါးတွေဖြစ်ပါတယ်။

(င) အုပ်ချုပ်ရေးဘက်မှာရော၊ ရဲဘက်မှာရော၊ ကာကွယ်ရေးဘက်မှာရော၊ အစိုးရဌာနအသီးသီးမှာ ထိပ်ကလူတစ်စုနဲ့သာ အလုပ်လုပ်လို့ မဖြစ်ပါဘူး။ သူ့နေရာနဲ့ နေရာကိုလိုက်ပြီး ပြည်သူ့ဝန်ထမ်းအသီးသီးကို ခန့်ကြရပါလိမ့်ဦးမယ်။ ဒီပြည်သူ့ဝန်ထမ်းအသီးသီးဟာ ပြည်သူလူထုက မွေးဖွားပေးလိုက်တဲ့ သားတွေ၊ သမီးတွေ ဖြစ်ပါတယ်။

ဒီအင်္ဂါကြီးငါးရပ်ကြောင့် ပြည်သူလူထုကို သူတို့နဲ့ ထိုက်တန်တဲ့နေရာမှာ ထားရမယ်။ အဲဒီလိုထားပြီး အာဏာပိုင်တွေက ယဉ်ယဉ်ကျေးကျေး လေးလေးစားစား ဆက်ဆံကြရမယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု

ISBN 9789997112927
LLT78
9 789997 112927
1,700.00KS

ပြည်သူလူထုအင်္ဂါကြီးငါးရပ်နှင့်မှတ်သားဖွယ်ရာမှတ်စုပဒေသာ၊ မျိုးအုံ့
စာမျက်နှာ ၁၈၀+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊၈၅၊၁၆၄လမ်း၊တာမွေ၊
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊မစိုးရိမ်လမ်း၊ရန်ကင်း၊
၂၀၁၈၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com
mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

■■■■■■■■■■

# ပြည်သူလူထုအင်္ဂါကြီးငါးရပ်နှင့် မှတ်သားဖွယ်ရာမှတ်စုပဒေသာ

မျိုးအံ့
စုစည်းသည်။

ပထမအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ပြည်သူလူထုရဲ့ အင်္ဂါကြီးငါးရပ် ၁

၂။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ၃

၃။ ပြောင်းလဲမှုနှင့်တိုးတက်မှု ၄

၄။ မြန်မာ့သွေးခဲ ၆

၅။ စက္ကူစုတ် ၇

၆။ ကျေးလက်ပြည်သူ ၈

၇။ ခေတ်ပျက်တဲ့အချိန် ၉

၈။ လူထုမကြည်ဖြူလျှင် ၁၁

၉။ သတင်းစာဆရာနှင့် ငါးပါးသီလ ၁၂

၁၀။ အာဏာရှင်နှင့် ဒီမိုကရေစီ ၁၄

၁၁။ စစ် ၁၆

၁၂။ မိုးကျရွှေကိုယ် ၁၇

၁၃။ ပန်းတိုင် ၁၉

၁၄။ ကျွန်တကာ့ကျွန်ခေါ် လယ်သမားအရေး ၂၁


mgyoe.com

mgyoe.com


၁၅။ လေးနှစ်စီမံကိန်း ၂၂
၁၆။ စစ်ပြီး ကမ္ဘာ့အရှေ့နိုင်ငံများသို့ ၂၅
၁၇။ ၁၆ နှစ် နိုင်ငံရေးအတွေ့အကြုံများ ၂၆
၁၈။ ဒီမိုကရေစီသစ် ၂၈
၁၉။ ပြည်သူ့ရဲခေါင် ပြောက်ကျား ၂၉
၂၀။ ပထမမျိုးဆက်၏ နောက်ခံကား ၃၀
၂၁။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ၃၁
၂၂။ ဦးကုလားနှင့် ပုံ့သကူမထေရ် ၃၂
၂၃။ အမျိုးသားယဉ်ကျေးမှု ၃၃
၂၄။ စကားပြေကြွယ်ဝရေး ၃၅
၂၅။ စာရေးဆရာ၏လက်နက်ကောင်း ၃၆
၂၆။ စာကြည့်တိုက် ၃၇
၂၇။ အဘက်ဘက်မှ ၃၈
၂၈။ စာပေတာဝန် ၃၉
၂၉။ သတင်းစာတို့ဝတ္တရား ၄၀
၃၀။ သတင်းနှင့်အဖျင်း ၄၁
၃၁။ ဉာဏ်ကင်းသူ သတင်းထောက်လုပ်လျှင် ၄၂
၃၂။ သမိုင်း၏ကြေးမုံကားချပ် ၄၃
၃၃။ တာဝန်နှင့်လွတ်လပ်ခွင့် ၄၄
၃၄။ ခေါင်းကြီးပိုင်း ၄၅
၃၅။ သတင်းစာသင်တန်းမရှိ ခရီးမရောက် ၄၆


mgyoe.com

mgyoe.com

၃၆။ ရည်မှန်းချက် ဦးတည်ချက်ရှိမှ ၄၇
၃၇။ စာရေးလျှင် ၄၈
၃၈။ ဘာသာပြန်ခြင်း ၄၉
၃၉။ အသိဉာဏ်အလှ ၅၀
၄၀။ စိတ်ကူးစိတ်သန်း ၅၁
၄၁။ ဂျာနယ်နှင့်သတင်းစာ ၅၃
၄၂။ မှန်သော်လည်း ၅၅
၄၃။ စာရေးစရာ ၅၆
၄၄။ စာပေကျေးဇူး ၅၇
၄၅။ စာပေ ၅၈
၄၆။ ဖတ်မှတ်လေ့လာ ၅၉
၄၇။ ပြောသာပြောလည်း ၆၀
၄၈။ စာဖတ်တတ်စေ ၆၁
၄၉။ အောက်စ်ဖို့ဒ်တက္ကသိုလ် ၆၂
၅၀။ စာပေသံဝေဂ ၆၄
၅၁။ စာရေးလိုသော် ၆၆
၅၂။ ကျွန်တော်နှင့် အင်္ဂလိပ်စာဝင်္ကပါခရီး ၆၇
၅၃။ စိတ်ခွန်အားသတ္တိ ၆၈
၅၄။ မိုးတိမ်အမှတ်(၉၃) ၆၉
၅၅။ ခရီးသွားစာပေ ၇၀
၅၆။ အောင်ဆန်းလေ့လာခဲ့တဲ့စာများ ၇၁

mgyoe.com

mgyoe.com


၅၇။ မြန်မာမဂ္ဂဇင်း ၇၂
၅၈။ သီချင်းအစ ၇၃
၅၉။ ညာဏ်ပြတင်း ၇၄
၆၀။ အလုပ်၏အကျိုး ၇၅
၆၁။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး ၇၆
၆၂။ ရှင်ဘုရင်နှင့် စဏ္ဍာလ
ခြားနားခြင်းရှိမည်မဟုတ် ၇၈
၆၃။ နောင်တ ၁၀ မျိုး ၇၉
၆၄။ အယူမသီးနှင့် ၈၀
၆၅။ ပညာအတတ်လွယ်ဆုံးအရွယ် ၈၁
၆၆။ အတွေးရင့်မှ အကြိုက်ရင့်မည် ၈၂
၆၇။ ရရဲ့လား ၈၃
၆၈။ ပညာရရာ ပွားရာသော
အကြောင်းရှစ်ပါး ၈၄
၆၉။ မိုဝဲအပ်သည် သုံးပါး ၈၅
၇၀။ လူတိုင်းပြုဖွယ် ၈၆
၇၁။ ဗဟုသုတရှိကြရမည် ၈၇
၇၂။ ပညာရှိဦးမှ ၈၈
၇၃။ ဝါသနာပါလျှင် ၈၉
၇၄။ ပညာဖြင့် ၉၀
၇၅။ ကိုယ်စွမ်းသန်မှ ၉၁


mgyoe.com

mgyoe.com

၇၆။ ထူးချွန်စေရေး ၉၂
၇၇။ မြန်မာ့ပညာရေးအယူအဆ ၉၃
၇၈။ သူ့တွက်ကိန်းနဲ့သူ ၉၄
၇၉။ လောကဓံတရား သတိထား ၉၆
၈၀။ အများလိုလျှင် အနည်းစွန့် ၉၈
၈၁။ ခင်ပွန်းပြစ်မှားသူ ၉၉
၈၂။ ကျေးဇူးသိသူဖြစ်ပါစေ ၁၀၀
၈၃။ သူတော်ကောင်းဟူသည် ၁၀၂
၈၄။ မိတ်ဆွေပျက်နှင့်
ပေါင်းသင်းခြင်းအပြစ်ခြောက်ပါး ၁၀၃
၈၅။ အပျင်း ၁၀၄
၈၆။ ကိုးကွယ်ရာ ၁၀၆
၈၇။ ပျက်လျှင်လွယ်သည် ၁၀၇
၈၈။ ကျေးဇူးကို ဆောင်ရွက်တတ်သော
ခင်ပွန်းစစ်လေးယောက် ၁၀၈
၈၉။ သာသနာတော် ကွယ်ခြင်း
အကြောင်းငါးပါး ၁၀၉
၉၀။ အမွေမရသောသားခြောက်ပါး ၁၁၁
၉၁။ စွဲမြဲစရာ၊ စွန့်ပစ်စရာ ၁၁၂
၉၂။ မိန်းမမြတ်အင်္ဂါရှစ်ပါး ၁၁၄
၉၃။ ခရီးတစ်တိုင်သွားခြင်း ၁၁၅

mgyoe.com

mgyoe.com


၉၄။ သပ္ပါယ်ရှိသ သူတော်ကောင်းတို့
အလှူရှစ်ပါး ၁၁၆

၉၅။ လှူ၍ အကျိုးမရသည့် ငါးပါး ၁၁၇

၉၆။ ဆောင်သင့်ဆောင်ရာ အင်ရှစ်ဖြာ ၁၁၈

၉၇။ နေနည်း(၁) ၁၁၉

၉၈။ နေနည်း(၂) ၁၂၀

၉၉။ နေနည်း(၃) ၁၂၁

၁၀၀။ နေနည်း(၄) ၁၂၂

၁၀၁။ ယဉ်ပါးခြင်းနှင့် ရမ်းကားခြင်း ၁၂၃

၁၀၂။ အနိုင်ရသူ ၁၂၄

၁၀၃။ ကိုယ်မှာသာရှာ ၁၂၅

၁၀၄။ တစ်ခုခုကို စွန့်လွှတ်ရမည် ၁၂၆

၁၀၅။ ရိုးရာမှသည် ခေတ်သစ်သို့ ၁၂၈

၁၀၆။ ရှေ့ဥဒေါင်း၏ဆွေးနွေးခန်း ၁၃၀

၁၀၇။ ဝါသနာ ၁၃၁

၁၀၈။ နိုင်ငံတော်မျက်နှာ ၁၃၂

၁၀၉။ ဥတုခြောက်ပါး ၁၃၃

၁၁၀။ စာရိတ္တ ၁၃၄

၁၁၁။ ရှက်စရာမဟုတ်ပါဘူး ၁၃၈

၁၁၂။ အားနေတဲ့လက်ကို
မသမာနတ်ဆိုး ဝင်စီးတတ်သတဲ့ ၁၄၀


mgyoe.com

mgyoe.com


၁၁၃။ အားမလျော့နှင့် ၁၄၂

၁၁၄။ ရေချိုရေကောင်း ၁၄၃

၁၁၅။ ဘေးကင်းအောင်နေတဲ့ အနေ ၁၄၄

၁၁၆။ ဆဲစာထည့်လိုက်တော့မလို့လား ၁၄၅

၁၁၇။ စိတ်ကို နိုင်ပြီလား ၁၄၇

၁၁၈။ စိတ်ဖျင်းစိတ်ညှံ့ ၁၄၈

၁၁၉။ မုသားပြောသောသူ ၁၄၉

၁၂၀။ ခင်ပွန်းပြုရန် ဝတ်ငါးတန် ၁၅၀

၁၂၁။ ပျင်းရိခြင်းအကြောင်း ၁၅၁

၁၂၂။ ပရာဘဝသုတ်၊
ပျက်စီးကြောင်းတရား ၁၂ ပါး ၁၅၂

၁၂၃။ ကလေးသည် လူကြီး၏ဖခင်ဖြစ်သည် ၁၅၅

၁၂၄။ ရခဲသော်လည်း ၁၅၆

၁၂၅။ ယုံကြည်စေသူ၊ ညီညွတ်စေသူ ၁၅၇

၁၂၆။ စိတ်နှလုံးထဲမှ ဖောက်ပြန်
ကျူးလွန်ခြင်း ၁၅၉

၁၂၇။ ပညာရှိ သူတော်ကောင်းတို့
ကျင့်ရသော တရားလေးပါး... ၁၆၀

၁၂၈။ ပေးကမ်းခြင်းသည်ကား ၁၆၁

၁၂၉။ အမြင် ၁၆၂

၁၃၀။ လမ်း ၁၆၃


mgyoe.com

mgyoe.com


၁၃၁။ ကျေးဇူးသိသူ ၁၆၄
၁၃၂။ အပြစ်မရှာပါနှင့် ၁၆၅
၁၃၃။ အဆွေခင်ပွန်း ၁၆၆
၁၃၄။ နှုတ်မှုရေးရာ ၁၆၇
၁၃၅။ အရှက်ရမည် ၁၆၈
၁၃၆။ ကိုယ်ချင်းစာပါ ၁၆၉
၁၃၇။ အကြောင်းအကျိုး ၁၇၀
၁၃၈။ မိုလ်ချုပ်၏ ခေါင်းဆောင်အင်္ဂါ ၁၇၁
၁၃၉။ ယောအတွင်းဝန် ဦးဘိုးလှိုင် ၁၇၃
၁၄၀။ လီယာမင်းကြီး ၁၇၄
၁၄၁။ နတ်သျှင်နောင် ၁၇၅
၁၄၂။ စာပေ၊ လွတ်လပ်ရေးနှင့်
ငြိမ်းချမ်းရေးဖခင်ကြီး
ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၁၇၆
၁၄၃။ သုခုမ ၁၇၇
၁၄၄။ အနိုးအဝေး ၁၇၈
၁၄၅။ စင်ကြယ်သူ ၁၇၉
၁၄၆။ တစ်လှည့်စီ ၁၈၀


❑

mgyoe.com

mgyoe.com

## ပြည်သူလူထုရဲ့အင်္ဂါကြီးငါးရပ်

(က) ပြည်သူလူထုမရှိရင် တိုင်းပြည် မဖြစ်နိုင်ပါ။

(ခ) အာဏာပိုင်တွေ လက်ကိုင်ထားကြတဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုလုပ်ရေးအာဏာဆိုတဲ့ အချုပ်အခြာအာဏာကြီး ၃ ရပ်ဟာ မိုးပေါ်က ကျလာတာလည်း မဟုတ်ပါဘူး။ မြေကြီးထဲက ပေါက်ပြီးထွက်လာတာလည်း မဟုတ်ပါဘူး။ ပြည်သူလူထုကြီးတစ်ရပ်လုံးက ပေးအပ်ထားတဲ့ အာဏာဖြစ်ပါတယ်။

(ဂ) နိုင်ငံတော်သမ္မတကအစ အောက်ဆုံးပိတ် အမှုထမ်းတွေအထိ ရနေကြတဲ့ လစာငွေတွေ၊ ထောက်ပံ့ကြေးငွေတွေဟာ ပြည်သူလူထုကြီးက အခွန်တော်ငွေအဖြစ်နဲ့ ပေးထားတဲ့ အစိုးရဘဏ္ဍာ



mgyoe.com

mgyoe.com

ငွေထဲက ထုတ်ပေးရတဲ့ငွေဖြစ်ပါတယ်။

(ဃ) အာဏာပိုင်တွေ စားသုံးနေကြတဲ့ ဆန်ရေစပါးတွေဆိုတာ ပြည်သူလူထုကြီးတစ်ရပ်လုံးက နဖူးကချွေး ခြေမအကျခံပြီး စိုက်ပျိုးလုပ်ကိုင်ပေးခဲ့ရတဲ့ ဆန်ရေစပါးတွေဖြစ်ပါတယ်။

(င) အုပ်ချုပ်ရေးဘက်မှာရော၊ ရဲဘက်မှာရော၊ ကာကွယ်ရေးဘက်မှာရော၊ အစိုးရဌာနအသီးသီးမှာ ထိပ်ကလူတစ်စုနဲ့သာ အလုပ်လုပ်လို့ မဖြစ်ပါဘူး။ သူ့နေရာနဲ့ နေရာကိုလိုက်ပြီး ပြည်သူ့ဝန်ထမ်းအသီးသီးကို ခန့်ကြရပါလိမ့်ဦးမယ်။ ဒီပြည်သူ့ဝန်ထမ်းအသီးသီးဟာ ပြည်သူလူထုက မွေးဖွားပေးလိုက်တဲ့ သားတွေ၊ သမီးတွေ ဖြစ်ပါတယ်။

ဒီအင်္ဂါကြီး ငါးရပ်ကြောင့် ပြည်သူလူထုကို သူတို့နဲ့ ထိုက်တန်တဲ့နေရာမှာ ထားရမယ်။ အဲဒီလိုထားပြီး အာဏာပိုင်တွေက ယဉ်ယဉ်ကျေးကျေး လေးလေးစားစား ဆက်ဆံကြရမယ်။

၄-၇-၁၉၆၀ ညက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏
ပြည်သူ့ဝန်ထမ်းတို့အား အသံလွှင့်ပြောကြားသော မိန့်ခွန်း



mgyoe.com

mgyoe.com

# ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

ဗြိတိသျှအုပ်ချုပ်ရေးသည် တိုင်းပြည်(မြန်မာနိုင်ငံ) တွင် ငြိမ်းချမ်းမှုကို ပေးခဲ့သည်ဟု ဆိုကြလေသည်။ သို့ရာတွင် ငြိမ်းချမ်းမှုဟူသည်မှာ သုသာန်တစပြင်၌ လည်း ငြိမ်းချမ်းမှုရှိသည်ကို သတိပြုသင့်ပေသည်။ (Safety) လုံခြုံရေးဆိုသည်မှာလည်း ထောင်အတွင်း ၌သာ ရှိသည်ကို သတိထားပါက ၎င်းတို့ပေးအပ် သော ငြိမ်းချမ်းမှုနှင့် လုံခြုံရေးသည် ဤသဘောမျိုးမျှ သာဖြစ်ကြောင်းကို တွေ့မြင်ခဲ့ရပေသည်။

သိပ္ပံမိုးရင်
(မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်း၊ မှ)



mgyoe.com

mgyoe.com

## ပြောင်းလဲမှုနှင့်တိုးတက်မှု

ဗြိတိသျှတို့ မြန်မာပြည်အုပ်ချုပ်သည့်အတွက် မြန်မာပြည်တွင် ကြီးစွာသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ဟု ဆိုကြပြန်သည်။ ထိုအချက်ကို ငြင်းကွယ်စရာမလိုပေ။ သို့ရာတွင် ထိုပြောင်းလဲမှုများ ပေါ်လာရခြင်းသည် ဗြိတိသျှတို့မလာရောက်ကလည်း ခေတ်အလျောက် ပြောင်းလဲလာရမည်မှာ လွဲနိုင်စရာမရှိ။ ၁၉ ရာစုနှစ်များသည် ကမ္ဘာတစ်ဝန်းလုံး၌ ပြောင်းလဲနေချိန်ဖြစ်သည်။ စူးအက်တူးမြောင်း ပြီးမြောက်သဖြင့် မြန်မာပြည်၏ ဆန်အရောင်းအဝယ်မှာ ဗြိတိသျှအုပ်ချုပ်မှု မရှိစေကာမူ ဖြစ်ပေါ်လာရမည်မှာ မလွဲပေ။ ခြားနားချက်တစ်ခုတော့ ရှိပေဦးမည်။ ဗြိတိသျှအုပ်ချုပ်မှုအောက်၌သာမရှိပါမူ ဤဆန်စပါးရောင်းဝယ်



mgyoe.com

mgyoe.com

ရေးသည့် မြန်မာများလက်ထဲ၌သာရှိရုံမက မြန်မာ စီးပွားရေး တောင့်တင်းလာနိုင်ခဲ့သည့်ပြင် ယခုလိုအချိန် တွင် အရည်ဝပြီးသော မြန်မာကုန်သည်များ ဖြစ်နေ ပေမည်။

သိပ္ပံစိုးရင်
(မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်း မှ)



mgyoe.com

mgyoe.com

# မြန်မာ့သွေးခဲ

မြန်မာလူမျိုးများ၏ စီးပွားရေးဘက်တွင် အခြားသောလုပ်ငန်းများထက် ဆန်စပါးလုပ်ငန်းသည် ကျောရိုးသဖွယ် လုပ်ငန်းကြီးဖြစ်သည့်အလျောက် တိုင်းရင်းသူ၊ တိုင်းရင်းသားများ လူတန်းစေ့နေထိုင်နိုင်ရန်မှာ ထိုလုပ်ငန်းဖွံ့ဖြိုးမှုပေါ်တွင် အခြေပြုနေကြောင်းကို ကောင်းစွာနားလည်အပ်ပေသည်။ ယင်းသို့ဖြစ်ခြင်းကြောင့် ဆန်သည် မြန်မာ့သွေးခဲ မလွဲဧကန်မုန်ပေသည်။

ဦးချစ်လွင်
(မြန်မာ့သွေးခဲ မှ)



mgyoe.com

mgyoe.com

# စက္ကူစုတ်

စာချုပ်ဆိုတာ စက္ကူစုတ်ပဲဆိုတဲ့ ဝါဒသာ စစ်နိုင်သွားရင် ကမ္ဘာ့ယဉ်ကျေးမှုစက်ကြီးဟာ ချိုးဖဲ့ဖျက်ဆီးပြီးသားဖြစ်တော့မှာပဲ။ ကျုပ်တို့ဟာ အရိုင်းဝါဒကို တိုက်ခိုက်နေခြင်းဖြစ်တယ်။ ဒီလိုတိုက်ခိုက်ခြင်းသာလျှင် လမ်းမှန်ကို ရောက်စေနိုင်မယ်။ စာချုပ်ဆိုတာ ကိုယ့်အကျိုးစီးပွားရှိမယ်ဆိုမှ လေးစားမယ်လို့ ပြောတဲ့ တိုင်းပြည်တွေရှိနေရင် စာချုပ်ကို ရိုသေရကောင်းတယ်၊ လေးစားရကောင်းတယ်ဆိုတာ ကျောင်းမှန်းကန်မှန်းသိအောင် ဒီတိုင်းပြည်တွေကို ဆုံးမပေးရလိမ့်မယ်။

ပထမကမ္ဘာစစ်အတွင်း ဗြိတိသျှနိုင်ငံရေးသမားများအနက်
အကျော်ကြားဆုံး ပါလီမန်အမတ်နှင့်
ဝန်ကြီးချုပ် လွိုက်ဂျော့၏ စက္ကူစုတ် မိန့်ခွန်းမှ
ဒေါ်ခင်မျိုးချစ် မြန်မာပြန် ကမ္ဘာကျော်ကြား စာနှင့်စကားမှ



mgyoe.com

mgyoe.com

# ကျေးလက်ပြည်သူ

တစ်စထက်တစ်စ၊ တစ်နေ့ထက်တစ်နေ့ လူထုနှင့် ကင်းကွာခဲ့သည်။ ကျေးလက်နှင့် ဝေးခဲ့သည်။ ပြည်ထောင်စု တိုးတက်ရေးကို လိုလားသည်နှင့်အမျှ ကျွန်မတို့သည် ကျေးလက်တောရွာများကို တိုးဝင်ဆက်ဆံရမည်။ အပေါ်ယံအထက်လွှာများက ဘာတွေပဲလုပ်နေနေ ကျေးရွာလူထုသို့ မသက်ရောက်သမျှ အဓိပ္ပာယ်ရှိမည် မဟုတ်ပေ။

အောက်ခြေလွတ်သူ... ခင်နှင်းယု
(စာပေဗိမာန်မဂ္ဂဇင်း။ အတွဲ-၁၊ အမှတ်-၁ မှ)



mgyoe.com

mgyoe.com

# ခေတ်ပျက်တဲ့အချိန်

ခေတ်ပျက်နေတဲ့အခါ ရပ်ထဲရွာထဲမှာ ဥပဒေ အာဏာဆိုတာ မှေးမှိန်မြဲပါပဲ။ ဥပဒေအာဏာ မှေးမှိန် လာတဲ့အခါ ကျယ်လောင်ကျယ်လောင်နဲ့ မိုက်သလို ဘာလိုလို လူမျိုးတွေဟာ တွင်ကျယ်လာတတ်တာပဲ။ စစ်တိုက်လို့ အင်္ဂလိပ်ထွက်ပြေးတာနဲ့ အုပ်ချုပ်ရေး ပျက်စပြုနေတဲ့အချိန်မှာ မြို့ထဲကလူတွေဟာ ပုလိပ် ဌာန (ရဲစခန်း)ကိုသာ အရိပ်ကြည့်ပြီး အကဲခတ်နေကြ တယ်။ ပုလိပ်ကလည်း အစိုးရပြေးပြီဆိုတော့ သူ့ဟာ သူ အစိုးရမလုပ်ရဲတော့ဘူး။ အလျှိုအလျှိုနဲ့ တစ် ယောက်ပြီးတစ်ယောက် ပျောက်ကုန်တာပဲ။ အချို့ ဟိုရွာ သည်ရွာ မထင်မရှားပြောင်းရွှေ့ပြီး သက်န်းဆီး ပြီး ဘုန်းကြီးအသွင်နဲ့ နေသူနေကြတယ်။ သူတို့အား



mgyoe.com

mgyoe.com

ကို သူတို့ စိတ်ကူးနဲ့ ရှောင်ကြတာပါပဲ။ အဲဒီအခြေ
လောက် ရောက်လာတဲ့အခါမှာ လူကောင်းတွေဟာ
ငြိမ်နေပေမဲ့ ခေတ်ကောင်းတုန်းက ဥပဒေအာဏာ
ကြောင့် ငြိမ်နေရတဲ့ လူမိုက်တွေဟာ ခေါင်းထောင်ထ
လာကြတာပဲ။

သင့်ဘဝမဂ္ဂဇင်းမှထုတ်ဝေသည့်
မြို့မမောင်၏ ကိုယ်တွေ့ဝတ္ထုများမှ



mgyoe.com

mgyoe.com

# လူထုမကြည်ဖြူလျှင်

ဂျပန်သည် လျှပ်တစ်ပြက် စစ်တိုက်နည်းကိုသာ ကျွမ်းကျင်၏။ တိုက်၍ နိုင်ပြီးသောနေရာတို့တွင် လူထု၏မေတ္တာကို ခံယူရအောင် မည်သို့ပြုမူရမည်ကို မသိကြ။ သူတို့ဝင်သည်နှင့်တစ်ပြိုင်နက် လူထုသည် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရ၏။ လူထုမကြည်ဖြူလျှင် မည်သည့်အစိုးရမဆို တည်မြဲဖို့ရာ ခဲယဉ်း၏။

သင့်ဘဝမဂ္ဂဇင်းမှထုတ်ဝေသည့်
မြို့မမောင်၏ ကိုယ်တွေ့ဝတ္ထုများမှ



mgyoe.com

mgyoe.com

## သတင်းစာဆရာနှင့် ငါးပါးသီလ

ဦးနု ဝန်ကြီးချုပ်အဖြစ် တာဝန်ယူစဉ် ၁၉၅၇ ခုနှစ်ကဖြစ်သည်။ ထိုစဉ်က သတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်ခဲ့ရာ ထုံးစံအတိုင်း သတင်းစာဆရာများက သိလိုသည်များ မေးမြန်းခဲ့ကြသည်။

အခုတိုင်းပြည်မှာ မိုးမရွာတာ ဘယ့်နှယ်လုပ်မလဲ။

ဦးနု ။ ။ "ဒီကိစ္စကို ကျွန်တော် အသံလွှင့်မလို့ပဲ။ အချို့မိတ်ဆွေများက ကျွန်တော်ကို လာပြီးပြောကြပါတယ်။ မိုးမရွာတာဟာ မင်းကျင့်တရားပျက်လို့ဆိုပြီး တပေါင်တွေ ဘာတွေ ရွတ်ပြကြတယ်။ ဒါနဲ့ ကျွန်တော်က ပြန်မေး



mgyoe.com

mgyoe.com

လိုက်ပါတယ်။ တိုင်းပြည်မှာရော
အစိုးရကလွဲရင် လူကောင်းချည်းရှိ
တယ်လို့ ပြောနိုင်သလား။ ကျွန်တော်
တို့မှာ အပြစ်မရှိဘူးလို့ မဆိုလိုပါ
ဘူး။ တစ်နိုင်ငံလုံးမှာ ဆိုးချင်သလို
ဆိုးခိုး တိုက်ခိုက်နေကြလို့ မိုးခေါင်
နေတာပါ။ တိုင်းပြည်လူဦးရေ တစ်
ဝက်သာ ငါးပါးသီလမြဲပါစေ။ မိုး
မရွာရင် လာပြောပါ။ တိုင်းပြည်ကို
ထားလိုက်ပါဦး၊ ခင်ဗျားတို့ သတင်း
စာဆရာတွေထဲက တစ်ဝက်လောက်
သာ ငါးပါးသီလမြဲကြပါစေ၊ မိုးရွာ
ပါလိမ့်မယ်။ ပြီးတော့ ခင်ဗျားတို့
သတင်းစာဆရာတွေနဲ့ပတ်သက်ပြီး
ပြောတာကို သတင်းစာတွေထဲ
မထည့်ဘဲတော့ မနေကြပါနဲ့"

၁၉၅၇ ခု၊ ဇွန်လထုတ် ကမ္ဘာ့ဒိုင်ဂျက်မှ



mgyoe.com

mgyoe.com

# အာဏာရှင်နှင့် ဒီမိုကရေစီ

အာဏာရှင်စနစ်နှင့် အုပ်ချုပ်သော နိုင်ငံများတွင် အုပ်ချုပ်သောအစိုးရသည် ပြည်သူလူထုသို့ တင်ပြ အသိပေးရန်၊ သို့မဟုတ် ပြည်သူလူထု၏ သဘော ထားကို စုံစမ်းရန် လိုအပ်မည်မဟုတ်ပေ။ ဒီမိုကရေစီ စနစ်ကို လက်ခံကျင့်သုံးသော အစိုးရများအနေဖြင့်မူကား ပြည်သူလူထု၏သဘောထားကို စုံစမ်းရန်နှင့် ပြည်သူလူထုသို့ အသိပေးတင်ပြရန်မှာ အဓိကတာဝန် ရပ်ကြီးတစ်ခုဖြစ်ပေသည်။ အာဏာရှင်စနစ်နှင့် အုပ် ချုပ်သော နိုင်ငံများ၌ Monopoly of ideas and activities ဟူသော ပြည်သူလူထုအနေဖြင့် ထားရှိရမည့် သဘောထားအတွေးအခေါ်များအား အာဏာပိုင်များ ကပင် လက်ဝါးကြီးအုပ် ချမှတ်ပေးလေ့ရှိပေသည်။



mgyoe.com

mgyoe.com

မိမိပင်ကိုဉာဏ်ဖြင့် လွတ်လပ်စွာ ဝေဖန်ပိုင်းခြား သဘောထား (No Free-trade in ideas) ရှိနိုင်ခွင့် မပေးကြပေ။ ဒီမိုကရေစီစနစ်အရ အုပ်ချုပ်သော နိုင်ငံများ၌မူ အစိုးရများအနေဖြင့် ၎င်းတို့၏ဆောင်ရွက်ချက်များ၊ လုပ်ငန်းအစီအစဉ်များကို ၎င်းတို့အား မဲဆန္ဒဖြင့် တင်မြှောက်ခဲ့သော ပြည်သူလူထုထံ အသိပေး တင်ပြရပြီးလျှင် ၎င်းတို့ဆောင်ရွက်ချက်များ၊ လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် နားလည်သဘောပေါက်စေကာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရပေသည်။ ထိုသို့ ပြည်သူလူထု နားလည်သဘောပေါက်အောင် တင်ပြဆွဲဆောင်ခြင်းမပြုနိုင်သော အစိုးရများသည် အစိုးရလုပ်ငန်း၌ နှောင့်နှေးခြင်း၊ ပျက်စီးခြင်း၊ မအောင်မြင်ခြင်းတို့နှင့် ရင်ဆိုင်ရစမြဲဖြစ်၍ နောက်ဆုံး၌ အစိုးရအဖြစ်မှ ပင်လျှင် လျှော့ကျရန် အကြောင်းရှိပေသည်။

(လက်ရေးမှတ်စုများမှ)

မူရင်းမှတ်သားထားခြင်းမရှိခဲ့။



mgyoe.com

mgyoe.com

# စစ်

ပြဿနာကြီးများကို စစ်တိုက်ခိုက်မှုဖြင့် ဖြေရှင်းခြင်းသည် မည်သည့်အခါမျှ မှန်ကန်ပြီးမြောက်သော ဖြေရှင်းမှုများ ဖြစ်မလာချေ။ ပြဿနာပွားခြင်းကိုသာ ဖြစ်စေသည်။ စစ်ဖြစ်လျှင် ဒုက္ခပင်လယ်ဝေဖို့သာ ပြင်ကြရသည်။ ကြေကွဲဖွယ်ဖြစ်ရပ်မျိုး ပေါ်ပေါက်မည်မှာ သေချာသည်။ စစ်၌ နိုင်သည်ဟု ပီပီပြင်ပြင် ဆိုနိုင်ခြင်းမရှိ။ အမှန်မှာ နိုင်သူလည်းရှုံး၊ ရှုံးသူလည်း ရှုံးခြင်းမျှသာဖြစ်သည်။ ပြဿနာဖြေရှင်းသွားသည်ဟူ၍ မရှိချေ။ စစ်ဒဏ်ကို နှစ်ဖက်စလုံးက ခံကြရသည်။ ခံရသူတို့မှာလည်း အပြစ်ကင်းသူ ဆင်းရဲသား ပြည်သူများသာဖြစ်သည်။ စစ်တိုက်မှုဖြစ်စေသော ထိပ်ပိုင်းလူကြီးများမှာ အနေသာချည်းဖြစ်၏ ။

တက်တိုး 'တဖြည်းဖြည်းတွေးမှ တရေးရေးပေါ်'

စိန်ခြယ်မဂ္ဂဇင်း။ မတ်၊ ၁၉၉၅



mgyoe.com

mgyoe.com

# မိုးကျရွှေကိုယ်

လူတွေက ခေါင်းဆောင်တင်တယ်ဆိုတာဟာ အကျင့်စာရိတ္တမှာရော အရည်အချင်းမှာရော ကိုယ့်ထက်သာတယ်လို့ ယုံကြည်စိတ်ချရတဲ့လူကိုမှ ခေါင်းဆောင်တင်မယ်ဆိုတာဟာ ဓမ္မတာပါပဲ။ ဒါပေမဲ့ အပေါ်က ပစ်ချလိုက်လို့ ခေါင်းဆောင်ဖြစ်လာရတဲ့ လူတွေကျတော့ အရည်အချင်းရှိဖို့လည်း မလိုတော့ဘူး။ အကျင့်စာရိတ္တကောင်းဖို့လည်း မလိုတော့ဘူး။ အပေါ်က ဆရာတွေ မျက်စိကျအောင် လုပ်နိုင်ရင် ခေါင်းဆောင်ဖြစ်လာတာပဲ။ သာမန်အားဖြင့်ဆိုရင် အပေါ်က ပစ်ချလိုက်လို့ ခေါင်းဆောင်ဖြစ်လာရတဲ့ လူတွေ ခပ်များများဟာ ဘယ်သူ့ကမှ ဆေးဖော်ကြောဖက်လုပ်ချင်တဲ့လူတွေမဟုတ်ဘူး။ အဲဒီလူစားတွေက



mgyoe.com

mgyoe.com

အထက်က ဆရာတွေရဲ့ အရှိန်အဝါတွေ အာဏာတွေကို ကိုင်ထားပြီး အစည်းအဝေးကျရင် ခေါင်းရင်းကတက်ထိုင်၊ စကားပြောပြန်ရင်လည်း လေသံတွေ ခပ်မြင့်မြင့်နဲ့ပြော၊ လူတွေနဲ့ ဆက်ဆံပြန်ရင်လည်း အင်မတန် မောက်မောက်မာမာ ဆက်ဆံလာကြတယ်။

အဲဒီတော့ ကိုယ်ထမင်းကိုယ်စားနေတဲ့ လူတွေအနေနဲ့ ဒီလိုအပြောအဆိုအမူအရာ ဆက်ဆံပုံမျိုးကို ဘယ်မှာ သတိနိုင်ပါ့မလဲ။ ဘယ်လိုလုပ်ပြီး လက်ခံနိုင်ပါ့မလဲ။

၁၉၅၈ ခု၊ ဇွန်လ ၂၄ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် နေအိမ် ညီလာခံမဏ္ဍပ်၌ ဖဆပလ(သန့်ရှင်းရေး)ဥက္ကဋ္ဌဝန်ကြီးချုပ် ဦးနု မြွက်ကြားသော မိန့်ခွန်း



mgyoe.com

mgyoe.com

# ပန်းတိုင်

ကျွန်တော်တို့ပြည်ထောင်စုကို လွတ်လပ်စွာ ပြောနိုင်ခွင့်၊ လွတ်လပ်စွာ ရေးပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်၊ အပြစ်ကျူးလွန်မိရင် ဥပဒေအရသာ အပြစ်ပေးခံပိုင်ခွင့်၊ အပြစ်မကျူးလွန်သရွေ့ ကာလပတ်လုံး ဘယ်သူ့ကိုမှ မကြောက်ရဘဲ ဘယ်သူ့ရှေ့မှာမှ ခေါင်းငိုက်စိုက်ချပြီး ခါးကုန်းမနေရဘဲ ရင်လိုကော့၊ ခေါင်းကိုမော့ပြီး နေနိုင်ခွင့်၊ ဥပဒေအရသာမဟုတ်ရင် ဘယ်သူကခိုင်းခိုင်း ကိုယ်မလုပ်ချင်တဲ့အလုပ်တွေကို မလုပ်ရဘဲ ငြင်းပယ်နိုင်ခွင့်၊ ကိုယ်နှစ်သက်ရာ အစိုးရကို လွတ်လွတ်လပ်လပ် ရွေးကောက်တင်မြှောက်နိုင်ခြင်းအားဖြင့် အုပ်ချုပ်ရေးမှာရော၊ တရားစီရင်ရေးမှာရော၊ ဥပဒေပြုလုပ်ရေး



mgyoe.com

mgyoe.com

မှာရော တစ်နည်းတစ်ဖုံ ပါဝင်နိုင်ခွင့်ဆိုတဲ့ လူတိုင်းရဲ့ မူလအခွင့်အရေးတွေ ဝေဝေဆာဆာ၊ မြိုင်မြိုင်ဆိုင်ဆိုင်၊ ခိုင်ခိုင်ခံ့ခံ့ကြီး စုဝေးရာ၊ တည်ရှိရာနိုင်ငံဖြစ်အောင် ကျွန်တော်တို့ လုပ်ပေးရဦးမယ်။

၄-၇-၆၀ ညက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏
ပြည်သူ့ဝန်ထမ်းတို့အား အသံလွှင့်ပြောကြားသော မိန့်ခွန်း



mgyoe.com

mgyoe.com

# ကျွန်တကာ့ကျွန်ခေါ် လယ်သမားအရေး

-နိုင်ငံရေးအာဏာသည် စီးပွားရေးအာဏာ၏ ပထမအခြေခံဖြစ်၏။ နိုင်ငံရေးအာဏာမရှိက ဥပဒေ မလုပ်နိုင်၊ စည်းကမ်းစနစ်တို့ကို မသတ်မှတ်နိုင်ချေ။ ဥပဒေမလုပ်နိုင်သမျှ ကာလပတ်လုံး၊ စည်းကမ်းစနစ် များကို မသတ်မှတ်နိုင်သမျှကာလပတ်လုံး စီးပွားရေး အခြေခံအုတ်မြစ်တို့ကိုလည်း ပြောင်းလဲခြင်း ထူထောင် ခြင်းတို့ကို မလုပ်နိုင်ချေ။

သခင်ဗစိန်



mgyoe.com

mgyoe.com

# လေးနှစ်စီမံကိန်း

ဒီအမြန်ဆုံးနည်းနဲ့ ဖြစ်မြောက်စေချင်တဲ့ဆန္ဒတွေ ရေစီးကမ်းပြိုလိုက်နေတာကို မထိန်းနိုင်၊ မသိမ်းနိုင်တဲ့အတွက် နောက်ထပ်မှားတဲ့အမှားကတော့ တခြားဟာ မဟုတ်ဘူး။ စနစ်တကျပြင်ဆင်မှုတွေမရှိဘဲနဲ့ အလုပ်တွေကို အစခိုင်းခြင်းပင်ဖြစ်တယ်။ အဲဒီလိုစနစ်တကျ ပြင်ဆင်မှုမရှိဘဲနဲ့ အလုပ်တွေကို အလျင်အမြန် အစခိုင်းတဲ့အတွက်...

၁။ စက်ကိရိယာတန်ဆာပလာတွေ ရောက်လာပြီး အချိန်အတော်ကြာသည့်တိုင်အောင် စက်ရုံတွေအတွက် အုတ်မြစ်တောင် မချရသေးလို့ ဒီစက်ကိရိယာ တန်ဆာပလာတွေဟာ နေပူကျဲကျဲ မိုးရွာထဲ



mgyoe.com

mgyoe.com

မှာ ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားနေရတဲ့ အဖြစ်အပျက်တွေ၊

၂။ ရက်ချိန်းလွန်ပြီး နှစ်ပရိစ္ဆေဒအတော်ကြာမှ စက်ရုံတွေ ဆောက်လုပ်ပြီးတဲ့အဖြစ်အပျက်တွေ၊

၃။ အဲဒီလို စက်ရုံတွေပြီးပြန်တော့လည်း အဲဒီစက်ရုံတွေအတွက် ကုန်ရိုင်းတွေရအောင် လုပ်ပေးဖို့ အစီအစဉ်တွေ မလုပ်ရသေးတဲ့ အဖြစ်အပျက်တွေ၊

၄။ အုပ်ချုပ်မှုကို နားလည်တဲ့လူတွေ လုံလောက်အောင်မရှိတဲ့အတွက် စက်ရုံတွေဟာ မရှုံးသင့်ဘဲနဲ့ ရှုံးနေရတဲ့ အဖြစ်အပျက်တွေ၊

၅။ လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကြီးကြပ်စီမံအုပ်ချုပ်တတ်သူတွေ လုံလုံလောက်လောက်မရှိလို့ မဟာသင့်တဲ့နေရာတွေမှာ ဟာနေတဲ့ အဖြစ်အပျက်တွေ၊

၆။ မကုန်ကျသင့်တဲ့နေရာတွေမှာ ကုန်ကျနေရတဲ့ အဖြစ်အပျက်တွေ၊ အလဟဿ မဖြုန်းတီးသင့်တဲ့နေရာမှာ ဖြုန်းတီးပစ်နေ



mgyoe.com

mgyoe.com

တဲ့ကိစ္စတွေ၊

၇။ အလုပ်က ကြီးကျယ်လာသလောက် စာရင်းအင်းနားလည်သူတွေ လုံလုံလောက်လောက်မရှိတဲ့အတွက် စာရင်းအင်းတွေ ဖရိုဖရဲဖြစ်နေတဲ့ အဖြစ်အပျက်တွေ...

အစရှိတဲ့ ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်တွေကို ကျွန်တော်တို့ တွေ့လာခဲ့ကြရတယ်။

ဝန်ကြီးချုပ် ဦးနု



mgyoe.com

mgyoe.com

# စစ်ပြီး ကမ္ဘာ့အရှေ့နိုင်ငံများသို့

ဘန်ကောက်မြို့တွင် ထူးခြားသော ကပွဲတစ်ခု ရှိ၏။ ထိုကပွဲကို နိုင်ငံခြားခရီးသည်များအား မြို့ခံလူတို့က ဖော်ပြလေ့ရှိ၏။ ကျွန်တော်တို့ကိုလည်း ပြသဖြင့် သွားရောက်ကြည့်ရှုခဲ့သေး၏။ ထိုကပွဲကို ခေါင်းဆောင်သူမှာ ယိုးဒယားလူမျိုး အသက် ၅၀ ခန့် ရှိ လူတစ်ယောက်ဖြစ်၏။ သူ၏ အလုပ် ထိုကပွဲကား စိတ်ပျက်စရာပင်။ ကျွန်တော်သည် ထိုကပွဲမျိုးကို မည်သည့်အတွက် ယိုးဒယားအစိုးရက ခွင့်ပြုထားသည်ကို စဉ်းစားမရရှိရာ။

သခင်အေး



mgyoe.com

mgyoe.com

# ၁၆ နှစ် နိုင်ငံရေးအတွေ့အကြုံများ

တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးကို ၁၉၄၇ ခု၊ ဇွန်လ ၁၀ ရက်တွင် စတင်ကျင်းပပါသည်။ ထိုရက်မတိုင်မီ ဂျူဗလီဟောတွင် ဖဆပလအမတ်များနှင့် ကိုယ်စားလှယ်များပါသည့် ဖဆပလပဏာမ ညီလာခံကို ကျင်းပခဲ့ပါသည်။ ထိုညီလာခံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို တင်သွင်းစဉ်းစားကြပါသည်။ အခြေခံဥပဒေတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်ရန် ဒီးဒုတ်ဦးဘချို စသောပုဂ္ဂိုလ်များက တင်သွင်းရာ ဗိုလ်ချုပ်အောင်ဆန်းက လက်မခံဘဲ ပယ်ချခဲ့ပါသည်။

ထိုသို့ပယ်ချခြင်းမှာ မှန်သည်ဟု ယူဆပါသည်။ နိုင်ငံရေးသဘောတရားအရ နိုင်ငံရေးနှင့် ဘာသာရေး



mgyoe.com

mgyoe.com

ရောပြွမ်းခြင်းမှာ မမှန်ကန်သည့်ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များသာမက ခရစ်ယာန် ဘာသာဝင်များ၊ မဟာမေဒင်ဘာသာဝင်များ၊ ဟိန္ဒူ ဘာသာဝင်များ နတ်ကိုးကွယ်သူများ စသည်ဖြင့် ရော ပြွမ်းနေထိုင်ကြပါသည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာပြုလုပ်ခြင်းအားဖြင့် အခြားဘာသာဝင်များက ဗုဒ္ဓဘာသာဝင်များအပေါ်တွင် အထင်လွဲ အမြင်လွဲ ဖြစ်လာနိုင်ပါသည်။

ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း



mgyoe.com

mgyoe.com

# ဒီမိုကရေစီသစ်

အောင်မြင်မှုအားလုံးသည် ခက်ခဲပြင်းထန်လှသော တိုက်ပွဲများမှ ဖွားမြင်ကြသည်။ ယဉ်ကျေးမှုအသစ်များလည်း ဤအတိုင်းပင်ဖြစ်၏။ ရာဇဝင်သည် လွန်ခဲ့သောအနှစ် ၂၀ အတွင်း၌ သုံးချိုး သုံးကွေ့ ချိုးကွေ့လာခဲ့ပေ၏။ ထိုခရီးတွင် လူညံ့လူဆိုးများမှာ အစမ်းသပ်ခံခဲ့ကြရလျက် စည်းခြားကွဲပြားသွားခဲ့ကြပြီဖြစ်ပေသည်။

မော်စီတုန်း



mgyoe.com

mgyoe.com

# ပြည်သူ့ရဲခေါင် ပြောက်ကျား

ပြည်သူ့စစ်ပွဲဟူသည် အလိုအလျောက် ဖြစ်ပေါ်၍လည်းမလာ၊ ပြည်သူ့စစ်ပွဲ ဖြစ်ပေါ်နိုင်သည့် အခြေအနေရှိမှသာလျှင် ပြည်သူ့စစ်ပွဲကို ဖော်ထုတ်၍ ရနိုင်ပေသည်။

ရဲဘော်မြ



mgyoe.com

mgyoe.com

## ပထမမျိုးဆက်၏ နောက်ခံကား

၁၃၀၀ ပြည့်အရေးတော်ပုံကာလက ချောက်၊ ရေနံချောင်း၊ ရေနံမြေများသို့ သွားရောက်ကာ ဟောပြောခြင်း၊ စည်းရုံးခြင်းတို့ဖြင့် အသိတိုးလာရသည်။ ချောက်ရေနံမြေသို့ ရောက်သွားသောအခါ ကျွန်တော်တို့ အလုပ်သမားတန်းလျားများသို့ ရောက်ခဲ့သည်။ ထိုအခါ ကျွန်တော်တို့က ယင်းအလုပ်သမား လူတန်းစားတို့၏ အရေးပါပုံကို သိလာရသည်။ ကျွန်တော်တို့ ဖတ်ရှုနေသော နိုင်ငံရေးသဘောတရားများကလည်း ယင်းအလုပ်သမားရေးရာတို့ကို စိတ်ဝင်စားအောင် လှုံ့ဆော်ပေးသည်ဟု ဆိုနိုင်သည်။

ဒဂုန်တာရာ



mgyoe.com

mgyoe.com

# ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

ဗိုလ်ချုပ်အောင်ဆန်းသည် လူပင်ငယ်သော်လည်း အမျိုး၏ သစ္စာတည်သော မိကောင်းဖခင်သားဖြစ်သည့်အတိုင်း ဉာဏ်ပညာရှိ၍ ရဲရင့်သည်။ စွမ်းရည်နှင့် ပြည့်စုံသည်။ အပြောအဆိုလိမ္မာသည်။ တိုင်းပြည်ဖခင် ပီသသည်။ ထိုပုဂ္ဂိုလ်မျိုး လွန်ခဲ့သော အနှစ် ၁၀၀ အတွင်းမှာ မပေါ်ခဲ့။ နောင်ကိုပေါ်ဖို့ရန် အစဉ်ဆုတောင်းပါသည်။ သူသည် ဘီလပ်မျက်နှာစုံညီ အစည်းအဝေးသို့တက်၍ မြန်မာပြည်သည် ဗြိတိသျှ၏ ဓနသဟာယအသင်းထဲတွင် မပါဘဲ လွတ်လပ်ရေးရအောင် ဆောင်ရွက်ခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းရည်ကြောင့် မြန်မာပြည်သည် အိန္ဒိယထက် စောပြီးသော် ကိုယ်မင်းကိုယ်ချင်း သခင်အမျိုးအဖြစ်နှင့် လွတ်လပ်ရေးကို ရခဲ့လေသည်။

ထိုဗိုလ်ချုပ်အောင်ဆန်း၏ အထူးစွမ်းရည်မှာ မည်သည့်နိုင်ငံခြား၏ ဝါဒကိုမျှ ဆွဲဆောင်မရခြင်းနှင့် ထိုဝါဒများကို အတုမခိုးခြင်းတည်း။

စစ်ကိုင်းဦးဘိုးသင်း



mgyoe.com

mgyoe.com

# ဦးကုလားနှင့် ပုံသကူမထေရ်

ဦးကုလားသည် မဟာရာဇဝင်ကြီးတွင် ဘုရင်နှစ်ဦးအား ဆရာတော် တော်လှန်ပုံကို ပိုင်နိုင်ထိမိစွာ ဖော်ထုတ်ထားသည်။ ဆရာတော်သည် ဘုရင်နှစ်ဦးကို အဘယ့်ကြောင့် တော်လှန်ပါသနည်း။ တစ်ဦးက ကောက်ကျစ်စဉ်းလဲ၍ တစ်ဦးက ပြည်သူတို့ကို ညှဉ်းပန်းသောကြောင့်ဖြစ်သည်။ ဤမင်းဆိုးနှစ်ဦးကို ဆရာတော်သည် မည်သို့တော်လှန်ခဲ့ပါသနည်း။ သာသနာ့ဝန်ထမ်းဖြစ်သဖြင့် လက်ရုံးရည်ဖြင့်ကား မတော်လှန်၊ နှုတ်ရေးဖြင့်လည်းကောင်း၊ ဆန္ဒပြ၍လည်းကောင်း တော်လှန်ခဲ့ပေသည်။

မင်းယုဝေ



mgyoe.com

mgyoe.com

# အမျိုးသားယဉ်ကျေးမှု

ကမ္ဘာ့သမိုင်းတစ်လျှောက်ကို ကြည့်လျှင် နယ်ချဲ့နည်းအမျိုးမျိုးရှိသည်ကို တွေ့နိုင်သည်။ ရှေးပဝေသဏီ ရောမနှင့် ခေါ်မဘုရင်များလက်ထက်က နယ်ချဲ့ပုံမှာ ရှေးဦးစွာ စစ်တိုက်သိမ်းယူခြင်းပင် ဖြစ်သည်။ စစ်၏နောက်မှ အုပ်ချုပ်ရေး၊ အုပ်ချုပ်ရေးနောက်မှ စစ်နိုင်သူတို့၏ ယဉ်ကျေးမှုသည် ထက်ကြပ်မကွာ ကပ်၍ပါလာကြသည်။ ဤနယ်ချဲ့စနစ်မျိုးသည် အဓွန့်ရှည်စွာ ခေတ်စားခဲ့လေသည်။ ထို့နောက်တစ်ဖန် ခေတ်သည် ပြောင်းလဲတိုးတက်လာလေရာ နယ်ချဲ့ပုံနည်းပရိယာယ်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့ပြန်သည်။ ကုန်စည်ကူးသန်းခြင်း၊ စစ်တိုက်သိမ်းယူခြင်း၊ အုပ်ချုပ်ခြင်း၊ ယဉ်ကျေးမှုသွတ်သွင်းခြင်းဟူ၍ အစဉ်



mgyoe.com

mgyoe.com
အတိုင်း ပြုလုပ်လာကြပြန်သည်။ ယခု မျက်မှောက် ၌ကား ကုန်စည်ကူးသန်းခြင်းနှင့် ယဉ်ကျေးမှု ဖြန့်ဖြူးခြင်းတို့ကို ရှေ့တန်းကတင်ပြီးနောက် တန်ခိုးအာဏာစက်အတွင်းသို့ သိမ်းသွင်းခြင်း၊ ဩဇာခံအခြွေအရံအဖြစ်ထားခြင်း (ဝါ) တပည့်၊ လက်အောက်ခံ နောက်လိုက်အဖြစ်ထားခြင်းမျိုးကို မျှော်မှန်း၍ ပြုမူဆောင်ရွက်လာတတ်ကြသည်။

ပါမောက္ခ ဦးအေးမောင်


mgyoe.com

mgyoe.com

# စကားပြေကြွယ်ဝရေး

လောကတွင် လူတစ်လုံး လုပ်လိုသော
လူမျိုး၏ စာပေတွင် စကားပြေ
မကြွယ်ဝသမျှ ကိစ္စမပြီးနိုင်ပါ။

၁၉၆၀ ထုတ် မြန်စာပြန်စာတန်းပါ
မင်းသုဝဏ်ရေး စကားပြေမှ



mgyoe.com

mgyoe.com

# စာရေးဆရာ၏လက်နက်ကောင်း

ကိုယ့်ကျင့်တရားသည် စာရေးဆရာ၏ စာများကို အသက်သွင်းပေး၏။ သူ့စာများကို ပိုမို၍ အရသာရှိစေ၏။ လိုသောအကျိုးကို ပိုမို၍ပြီးစေ၏။ လေးနက်စေ၏။ ကိုယ်ကျင့်တရားမရှိသူ၏ စာများမှာ တစ်နေ့တွင် တိုင်းပြည်၏ မိတ်ဆွေကောင်းဖြစ်ပြီး နောက်တစ်နေ့တွင် တိုင်းပြည်၏ရန်သူဖြစ်သည်သာ များသည်။

သိန်းဖေမြင့်



mgyoe.com

mgyoe.com

# စာကြည့်တိုက်

ကျွန်တော်တို့မြန်မာပြည်ရှိ ကျေးရွာများအတွက်လည်း စာကြည့်ပိဋကတ်တိုက်ကလေးများ များစွာလို၏။ သို့ရာတွင် စာမတတ်သူက များ၍ တတ်ပြန်လျှင်လည်း စာဖတ်ရကောင်းမှန်းပင် မသိရှာကြသောအရပ်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်ပေး၍လည်း များစွာအကျိုးရှိလှမည်မဟုတ်။ မြန်မာပြည်တွင် အချို့ရွာများ၌ အချို့ရွာသူရွာသားများအား စာဖတ်ရန် တိုက်တွန်းသောအခါ စာဖတ်၍ ထမင်းစားရသည်မဟုတ်၊ ပိုက်ဆံရမှ ထမင်းစားရသည်ဟု ပြန်ပြောကြ၏။ ၎င်းတို့မှာ အလွန်ဆင်းရဲလှသဖြင့် ၎င်းတို့၏စကားမှာ ဟုတ်တန်သမျှ ဟုတ်၏။ သို့ရာတွင် မရှိဆင်းရဲခြင်းတည်းဟူသော ဘေးရန်မှ လွတ်မြောက်အောင်လည်း အသိတရား ဉာဏ်ပညာအင်အား လို၏။

ဦးတင့်ဆွေ
(လန်ဒန်ဆောင်းပါး မှ)



mgyoe.com

mgyoe.com

# အဘက်ဘက်မှ

စာပေလိုက်စားရာတွင် အမြင်အမျိုးမျိုးရှိနိုင်ကြသည်။ အရာဝတ္ထုတစ်ခုခုကို ဘေးတစ်ဖက် (ဝါ) မျက်နှာတစ်ဖက်တည်းမှကြည့်၍ မြင်ကွင်းတစ်ခုတည်းဖြင့် ကျေနပ်နှစ်သက်ကာ ထိုအရာဝတ္ထု၏ အကောင်းအဆိုး တန်ဖိုးအနိမ့်အမြင့် အသုံးဝင်မဝင်ကို ဆုံးဖြတ်ချက်ချလျှင် ရေလိုက်လွဲ လမ်းမှားတတ်သကဲ့သို့ စာပေလေ့လာမှုတွင်လည်း အထက်နည်းသုံးပါက လမ်းလွဲသို့ ရောက်သွားပေတော့မည်။ စာတစ်စောင်၊ ပေတစ်ဖွဲ့၊ ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကို မဆိုထားဘိ။ စာတစ်လုံးတည်းမျှကိုပင် အဘက်ဘက်မှ တွေးတောချင့်ချိန် နှိုင်းဆရန် မြင်တတ်ကြရပေသည်။

တင်တင်မြင့်
(မင်းရဲဒိဗ္ဗနှင့် ရှုထောင့်အထွေထွေ
မြန်စာဂုဏ်ဂျာနယ်၊ အမှတ် ၂၊ ၄င်္ဂန်၊ ၁၉၆၆ မှ)



mgyoe.com

mgyoe.com

# စာပေတာဝန်

တစ်မျိုးသားလုံး၏ဘဝအား ပြောင်းလဲစေရေးမှာလည်း တကယ့်အနုပညာအစစ်ကသာ တတ်နိုင်စွမ်း၏။ ဓာတ်ပုံရိုက်ကူးပြသခြင်းကို ကူးယူခြင်းများက တတ်နိုင်စွမ်းလိမ့်မည်မဟုတ်။ ကျွန်တော်တို့ အရင်ထွန်းပေါက်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများက ပြောင်မြောက်စွာသော စကားလုံးများဖြင့် လူသားတို့၏အသည်းနှလုံးကို နှိုးဆွပေးရေးအတွက် ကြီးမားလှစွာသော တာဝန်ကို ပေးအပ်ထားရစ်ခဲ့ကြ၏။

ထိုတာဝန်ကို ကျေပွန်ရေးမှာလည်း စာရေးဆရာနှင့် ကလောင်ရှင်အသင်းများသို့ ဝင်ရောက်နေရုံနှင့် ပြီးစီးလွန်မြောက်လိမ့်မည်မဟုတ်။ စာရေးသူတို့တွင် နီးကြားထက်သွေးသော အသည်းနှလုံးများ ရှိရမည်ဖြစ်၏။ စာရေးသူများသည် စာရေးဆရာများလည်း ဖြစ်ရပေမည်။

လင်းယုန်နီရေး
စာရေးဆရာအခြေခံမှ



mgyoe.com

mgyoe.com

# သတင်းစာတို့ဝတ္တရား

သတင်းစာတို့၏ဝတ္တရားကား သတင်းများကို ထုတ်ဝေရုံမျှမက တိုင်းပြည်အကျိုး၊ အမျိုးသားအကျိုး အတွက် မိမိတို့ ထင်မြင်ချက်များကို ထုတ်ဝေရလေသည်။ ထိုသို့မှမထုတ်ဝေလျှင် သတင်းစာတို့၏ ဝတ္တရားများ ပျက်ပြားရာ ကျရောက်ချေမည်။

လွှယ်အိတ်ကြီး ဦးဘလှိုင်



mgyoe.com

mgyoe.com

# သတင်းနှင့်အဖျင်း

သတင်းစာဟာ တရားစာမဟုတ်မှန်း လူတိုင်းသိသပေါ့။ ဒါပေမဲ့ အတင်းတွေ အဖျင်းတွေကြားချင်ရင် ငါးစိမ်းတန်းသွားမှာပေါ့။ ပိုက်ဆံတောင်မကုန်ဘူး။ သတင်းစာနဲ့ အဖျင်းစာကို မခွဲခြားတတ်တာ သတင်းစာဆရာတွေအစား ကျွန်တော်ဖြင့် ရှက်သဗျာ။

သိပ္ပံမောင်ဝ



mgyoe.com

mgyoe.com

# ဉာဏ်ကင်းသူ သတင်းထောက်လုပ်လျှင်

သတင်းထောက်သည် ရာဇနိတိလာ တမန်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံရမည်။ ဝေဖန်တိုင်းထွာတတ်သော ဉာဏ်ကင်းဝေးသူသည် သတင်းထောက်လုပ်ပါက ဘိန်းစားငပု ထဘီရုပ်ပြေးခြင်း၊ ခွေးတစ်ကောင် မီးရထား ကြိတ်၍ ခါးပြတ်သွားခြင်း စသောသတင်းမျိုး ကိုပင် အရေးတကြီး ယူဆောင်ရေးသားပေးပို့ပေလိမ့် မည်။

သတင်းစာဆရာကြီး သံတော်ဆင့် ဦးသိမ်းမောင်



mgyoe.com

mgyoe.com

# သမိုင်း၏ကြေးမုံကားချပ်

သတင်းဓာတ်ပုံများသည် နောင်အခါတွင် မြန်မာနိုင်ငံသမိုင်း၏ ကြေးမုံကားချပ်များဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေ့သို့ တစ်နေ့တခြား တိုးတက်ရင့်သန်လာရန် အခြေအနေများ၌ရှိသည်။ နောင်အနှစ် ၅၀ လောက် ရောက်သောအခါ ယခုခေတ်၏ နောက်ကြောင်းသမိုင်းကို ပြန်ရေးဖို့ ကြုံလာသော် သတင်းစာများနှင့် သတင်းစာများ၌ပါဝင်သော သတင်းဓာတ်ပုံတို့ကိုသာ အားကိုးရမည်အမှန်ဖြစ်သည်။ ယခုအချိန်မှစ၍ ဂရုတစိုက် ကြိုတင်[illegible]ဆည်းမထားလျှင် နောင်မှပြန်၍ရိုက်ရန်မဖြစ်ပေ။

ဦးထင်ကြီး (စာပေဗိမာန်)



mgyoe.com

mgyoe.com

# တာဝန်နှင့်လွတ်လပ်ခွင့်

တာဝန်သိသော သတင်းစာဆရာတို့သည်သာလျှင် လွတ်လပ်စွာရေးသားခွင့်နှင့်ထိုက်တန်ပြီး လွတ်လပ်စွာရေးသားခွင့်ကို စောင့်ထိန်းနိုင်သူများ ဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ပါ။

ဂါးဒီးယန်း ဦးစိန်ဝင်း
သတင်းစာဆရာအသင်းဥက္ကဋ္ဌ (၁၉၆၂ ခုနှစ်)



mgyoe.com

mgyoe.com

# ခေါင်းကြီးပိုင်း

ကျွန်ုပ်၏အယူအဆမှာ ခေါင်းကြီးမပါဘဲလျက်နှင့် ဩဇာကောင်းသည်ဆိုသော သတင်းစာများသည် ပါးစပ်မပါဘဲ ခြေပြလက်ပြနှင့် ကိစ္စပြီးနိုင်သည်ဆိုခြင်းများကဲ့သို့ အင်္ဂါချို့ငဲ့ရာ ရောက်သည်ဟု ထင်မြင်မိလေသည်။

ဆရာကြီးရွှေဥဒေါင်း



mgyoe.com

mgyoe.com

# သတင်းစာသင်တန်းမရှိ ခရီးမရောက်

သတင်းစာဆရာများ၊ စာနယ်ဇင်းပညာရှင်များသည် စာနယ်ဇင်းပညာဆိုင်ရာ အတတ်ပညာ ပြည့်ဝရမည်။ အဆင်အခြင်ကြီးမားရမည်။ အတွေးအခေါ် ရင့်သန်ရမည်။ အမြော်အမြင်ထွန်းပေါက်ရမည်။ အကျင့်သိက္ခာ ခိုင်မာရသည်။ အတွေ့အကြုံကျယ်ဝန်းရမည်။ တစ်နည်းဆိုလျှင် တာဝန်သိသော သတင်းစာဆရာကောင်း၊ စာနယ်ဇင်းပညာရှင်ကောင်း ဖြစ်ရမည်။ သတင်းစာဆရာကောင်း၊ စာနယ်ဇင်းပညာရှင်ကောင်းများ မွေးထုတ်ရေးတွင် စာနယ်ဇင်းပညာသင်တန်းများ မရှိလျှင် ခရီးမရောက်နိုင်ချေ။ ထိုသင်တန်းများသည် သတင်းစာဆရာကောင်း၊ စာနယ်ဇင်းပညာရှင်ကောင်းများပေါ်ထွန်းရေးအတွက် အခြေခံအတတ်ပညာ၊ အသိအမြင်၊ အကျင့်သိက္ခာကို ပေးစွမ်းနိုင်ပေသည်။

သတင်းစာဆရာအသင်းမှ ထုတ်ဝေသော
သတင်းစာ စာစောင်ခေါင်းကြီးပိုင်းမှ၊ ၁၉၆၃ စက်တင်ဘာ



mgyoe.com

mgyoe.com

# ရည်မှန်းချက် ဦးတည်ချက်ရှိမှ

သတင်းစာများသည် အပျက်ခေတ်တွင်ဖြစ်စေ၊ အပြုခေတ်တွင်ဖြစ်စေ ပေါ်လစီခေါ်ဝါဒနှင့် ကာလာ ခေါ် အသွေးအရောင်ရှိကြရန် အရေးကြီးပေသည်။ ရည်ရွယ်ချက်မရှိဘဲ ရေးချင်ရာ ရေးနေသော သတင်း စာတစ်စောင်သည် ဖေတော့ မောင်တော့ ရေးနေခြင်း ဖြင့် ဖတ်၍ ဈေးကောင်းစွဲမည်ဖြစ်သော်လည်း ဩဇာ ညောင်းမှုကား ရှိမည်မဟုတ်ပေ။ တိကျသောဝါဒဖြင့် ရည်မှန်းချက်၊ ဦးတည်ချက်အတိုင်း မှန်မှန်ကန်ကန် သွားသော သတင်းစာသည် ဩဇာတိက္ကမရှိလာမည် သာ ဖြစ်လေသည်။

သတင်းစာဆရာကြီး ဦးသန်းတင့်(မူဝံ)



mgyoe.com

mgyoe.com

# စာရေးလျှင်

မိမိပြောလိုသည်ကို လူတိုင်းပင် ရှင်းရှင်းပြော၊ ရှင်းရှင်းရေးနိုင်ဖို့ကောင်းသည်။ အရေးနှင့်အပြော ရှင်းဖို့မှာ လူတိုင်း၏ တာဝန်ဖြစ်သည်။ အရင်းခံမှာ အတွေးရှင်းခြင်းပင်ဖြစ်သည့် မိမိပြောလို ရေးလိုတာကို ရှင်းရှင်းတွေးပြီးမှ ပြောပါ ရေးပါဟု ဆိုလိုသည်။

ဒေါက်တာမောင်ဖြူး
တိကျပြတ်သားသော.......
IBID



mgyoe.com

mgyoe.com

# ဘာသာပြန်ခြင်း

ဘာသာပြန်ရာတွင် အရေးအကြီးဆုံးအချက်မှာ တိကျသေချာရမည်။ ဘာသာခြား အဖိုးတန်အသုံးအနှုန်းများကိုလည်း မြုပ်မသွားပါစေနှင့်။ ဖော်ပေးပါ။ မူရင်းအဖိုးတန်အသုံးအနှုန်းများ မပါဝင်သော ဘာသာပြန်သည် အပြစ်ကင်းလွတ်မည်မဟုတ်ပေ။ ဘာသာပြန်ခြင်း၏အကျိုးလည်း သက်ရောက်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ဘာသာခြား အဖိုးတန်အသုံးအနှုန်းများကို ပေါ်လွင်စေရန် မြန်မာစာဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားရမည်။ ဤနေရာ၌ အကြံတစ်ခု ပေးလိုသည်မှာ လက်ဦး ဘာသာပြန်သူသည် မခြွင်းမချန် ကုန်စင်အောင် ဘာသာပြန်ပေးသင့်၏။ နောက်တစ်ဆင့်တွင်မှ အပြစ်အနာရှာကာ ပြင်ဆင်အချောကိုင်ပေးရမည်။ အပြစ်အနာရှာလေ စာကောင်းကောင်းရလေ မှတ်ယူသင့်ပေသည်။

ဦးဖေမောင်တင်
IBID



mgyoe.com

mgyoe.com

# အသိဉာဏ်အလှ

စာရေးကြရာတွင် အပေါ်ယံအလှလောက်ကိုသာ (ဝါ) ရူပါရုံ၊ သဒ္ဒါရုံ စသော အာရုံတို့နှင့် တွေ့ထိ၍ နှစ်သက်မှုရကြောင်းဖြစ်သော အာရုံအလှလောက်ကို သာ ရေးကြခြင်းလည်းရှိသည်။ အတွင်းသဏ္ဍာန်အလှ ကိုပါ (ဝါ) အသိဉာဏ်ပွင့်လာ၍ နှစ်သက်မှုရကြောင်း ဖြစ်သော အသိဉာဏ်အလှကိုပါ ပါအောင် ရေးတတ် ကြခြင်းလည်းရှိသည်။ စိတ်ကူးဉာဏ်ရှိသည်ဖြစ်စေ ကာမူ ပျို့ရွယ်စဉ်၌ ရေးသောစာမျိုးသည် အသိဉာဏ် အလှမျိုးဘက်သို့လည်း လှမ်းဝင်လာတတ်လေသည်။ တစ်ခါတစ်ရံ အရွယ်နှင့်မဆိုင်၊ ဉာဏ်ခံနှင့် ဆိုင်သည် ဟုလည်း ယူဆသည်။

ဇော်ဂျီရေး
ဦးပုညနှင့် ရှိတ်စပီးယားမှ
IBID



mgyoe.com

mgyoe.com

# စိတ်ကူးစိတ်သန်း

ဝတ္ထုရေးလိုသူတိုင်း၌ စိတ်ကူးစိတ်သန်း ကောင်း ရမည်။ စိတ်ကူးဉာဏ်မထက်သန်လျှင် ဝတ္ထုကောင်း မရနိုင်။ မည်သည့် ကမ္ဘာကျော်ဝတ္ထုမဆို စိတ်ကူး စိတ်သန်းကောင်းကောင်းနှင့် ရေးသားထားသည်ကို တွေ့ရသည်။ တကယ့်အဖြစ်အပျက်ကို ဝတ္ထုသဖွယ် အစီအစဉ်ကောင်းကောင်းနှင့် စနစ်တကျရေးသားထား သော်လည်း စိတ်ကူးဉာဏ်ဖြင့် တန်ဆာဆင်မထား လျှင် စိတ်ကူးယဉ်ယဉ်နှင့် ဖွဲ့နွဲ့သီကုံးရေးသားထား သည့် ဝတ္ထုလောက် ဖတ်၍ အရသာရှိမည်မဟုတ်ပေ။ ထို့ကြောင့် ရာဇဝင်ဝတ္ထုစာအုပ်တို့ကို ဖတ်ရှုရန် ဝန် လေးကြသော်လည်း ရာဇဝင်ကိုမှီးလျက် စိတ်ကူး ဉာဏ်ဖြင့် ချဲ့ထွင်သဏ္ဌာန်လုပ်၍ သရုပ်ဖော်ထား



mgyoe.com

mgyoe.com

သည့် ဝတ္ထုတို့ကိုကား ဖတ်ရှုရန် ဝန်မလေးကြ။ ကျွန်ုပ်တို့ကိုယ်တိုင်ပင် ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင်တို့ကို ပြီးဆုံးအောင်မဖတ်မိသော်လည်း လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသားသော 'တပင်ရွှေထီး' ဝတ္ထုကို ငါးတွဲစလုံး ကုန်အောင်ဖတ်ခဲ့လေသည်။

သူရိယကန္တိရေး ဝတ္ထုရေးလိုသော်မှ



mgyoe.com

mgyoe.com

# ဂျာနယ်နှင့်သတင်းစာ

ဂျာနယ်ဆရာသည် သတင်းစာဆရာလို ဖုတ်ပူမီးတိုက်ဆိုသလို အချိန်လုရ၍မလုပ်ရပေ။ သို့သော် သတင်းစာတွင်ပါသော သတင်းအချို့၏ နောက်ကွယ်မှာရှိသော သတင်းကို ဖော်ပြသော ဆောင်းပါးများ၊ ဆိုလိုသည်မှာ ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာလျှင် လူအများ သိသင့်သည်ဟု ယူဆဆုံးဖြတ်ပြီးလျှင် သတင်းစာက သတင်းအဖြစ် ထည့်လိုက်သည်။ တစ်ခါတစ်ရံလည်း သတင်းစာမှာမပါသော်လည်း သိထိုက်သည်ဆိုလျှင် ဂျာနယ်က ထည့်သွင်းလိုက်ပြီးလျှင် ထိုသတင်းနှင့် စပ်လျဉ်းသည့်အချက်အလက်များကို ဆက်လက်ဖော်ပြသည်။ သို့တည်းမဟုတ် ထိုသတင်းဖြစ်စေ၊ အခြားသတင်းဖြစ်စေ သတင်းစာတွေ အပေါ်ယံ



mgyoe.com